CDM, Non-CDM Policy - UCS Monywa - Zero Draft

# ပြည်သူနှင့်အတူရပ်တည်သည့် ပြည်သူ့ဝန်ထမ်းများနှင့် စစ်ကျွန်ပညာရေးအား သပိတ်မှောက်တော်လှန်ခဲ့ကြသည့် ကျောင်းသား/သူများအား အကာအကွယ်ပေးခြင်း နှင့် ပြည်သူနှင့်အတူ မရပ်တည်သည့် စစ်အာဏာသိမ်းအုပ်စု လက်အောက်ခံများအတွက် တရားစီရင်ရေးဆိုင်ရာ မူဝါဒ (မူကြမ်း)

ကွန်ပျူတာတက္ကသိုလ်(မုံရွာ)
နိုဝင်ဘာလ ၂၉ ရက်၊ ၂၀၂၁ ခုနှစ်

## နိဒါန်း

အနာဂါတ်မြန်မာနိုင်ငံသည် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ဖြစ်သည်။ ထို အနာဂါတ် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရန်အတွက် ယခုအချိန်တွင် စစ်အာဏာရှင်စနစ်အား အမြစ်ဖြတ်ချေမှုန်း တော်လှန်နေကြသည်။ ထိုတော်လှန်သောအင်အားစုများတွင် "အကြမ်းမဖက် အာဏာဖီဆန်သောလှုပ်ရှားမှု – CDM (Civil Disobedience Movement)" သည် တော်လှန်ရေး၏ အဓိကထောက်တိုင်တစ်ရပ်အဖြစ် ထင်ရှားကာ ရှေ့တန်းမှပါဝင်လျက်ရှိသည်။

ထိုတော်လှန်ရေး၏ အဓိကထောက်တိုင်တစ်ရပ်အဖြစ် ရှေ့တန်းမှ ရဲဝံ့စွာ ပါဝင်လှုပ်ရှားပေးခဲ့ကြသော၊ ပေးနေကြသော ပြည်သူ့ဝန်ထမ်းများသည် များစွာသော နစ်နာမှုများဖြင့် ကြုံတွေ့ခဲ့ရသည်။ ခက်ခဲမှုများစွာ ရှိကြသည်။ သို့သော် ခံယူချက်၊ ဦးတည်ချက် ပြတ်သားစွာဖြင့် ကြံ့ကြံ့ခိုင် တော်လှန်ဆဲပင်ဖြစ်သည်။ အဆိုပါပြည်သူ့ဝန်ထမ်းများသည် အခက်အခဲများစွာကြားမှ ရဲဝံ့စွာပါဝင်တော်လှန်ကြသကဲ့သို့ အခြားတစ်ဖက်တွင်မူ စစ်အာဏာရှင်စနစ်အား သက်ဆိုးရှည်စေရန် အကြမ်းဖက်စစ်အာဏာသိမ်းအုပ်စုနှင့် ပူးပေါင်းသည့် စစ်အုပ်စုလက်အောက်ခံဝန်ထမ်းများလည်း ရှိနေကြသည်။ ၎င်းတို့မှာ တော်လှန်ရေးကာလတွင် အာဏာရှင်အုပ်စု၏နောက်လိုက် အပေါင်းအပါတစ်ရပ်အနေဖြင့် မတရားရယူထားသည့် ခံစားခွင့်များလည်း ရရှိနေကြသည်။ ထိုသို့သော တရားမျှတမှုမရှိခြင်းကိစ္စရပ်များအတွက် ဤမူဝါဒအား ပြဋ္ဌာန်းသည်။

အနာဂါတ်ဖက်ဒရယ်ဒီမိုကရေစီတည်ထောင်ရာတွင် အရည်အသွေးနှင့် စိတ်ဓါတ်ပိုင်းဆိုင်ရာ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေး လုပ်ငန်းများအတွက် စီမံချက်များရေးဆွဲရန် မိမိတို့ကွန်ပျူတာတက္ကသိုလ်(မုံရွာ)ယာယီတက္ကသိုလ်ကောင်စီသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၂ ရက်မှစတင်ကာ ပြည့်သူ့ဝန်ထမ်းများ၊ ဆရာ/မများ၊ ကျောင်းသားကျောင်းသူများနှင့် ညှိနှိုင်းအစည်းအဝေးများပြုလုပ်ခဲ့သည်။ ထို့အပြင် ဖက်ဒရယ်အဆင့်အနေဖြင့် ပညာရေးဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) မှ ဦးဆောင်ကျင်းပသည့် ပညာရေးဆိုင်ရာ၊ CDM ဆိုင်ရာ မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲများတွင်လည်း ပါဝင် ဆွေးနွေးခဲ့ကြသည်။

ပြည်သူနှင့်အတူရပ်တည်သော ပြည်သူ့ဝန်ထမ်းများ၊ ဆရာ/မများသည် ထိုက်တန်သော အားပေးချီးမြှင့်မှုရရှိရန်နှင့် အကြမ်းဖက်စစ်ကောင်စီနှင့်ပူးပေါင်းခဲ့သည့်သူများအား ထိရောက်သော ပြစ်ဒဏ်ချမှတ် စီရင်ဆောင်ရွက်နိုင်ရေး တို့အတွက် ဤမူဝါဒထားရှိပါသည်။

ပြည်သူနှင့်အတူရပ်တည်သည့် ပြည်သူ့ဝန်ထမ်းများနှင့် စစ်ကျွန်ပညာရေးအား သပိတ်မှောက်တော်လှန်ခဲ့ကြသည့် ကျောင်းသား/သူများအား အကာအကွယ်ပေးခြင်းနှင့် ပြည်သူနှင့်အတူ မရပ်တည်ပဲ စစ်အာဏာသိမ်းအုပ်စု လက်အောက်ခံများအတွက် တရားစီရင်ရေးဆိုင်ရာ မူဝါဒတွင် အောက်ပါကဏ္ဍများပါဝင်သည်။

၁။ ပြည်သူ့ဝန်ထမ်းများနှင့် ကျောင်းသား/သူများသို့ အပြည့်အဝအကာအကွယ်ပေးခြင်း

၂။ အချက်အလက်စီစစ်အတည်ပြုခြင်းဆိုင်ရာများ

၃။ စစ်အာဏာသိမ်းအုပ်စု လက်အောက်ခံဝန်ထမ်းများသို့အကျိုးသက်ရောက်မည့် ပြစ်မှုပြစ်ဒဏ်များ နှင့် ခံစားခွင့်များ

## ၁။ ပြည်သူ့ဝန်ထမ်းများနှင့် ကျောင်းသား/သူများသို့ အပြည့်အဝအကာအကွယ်ပေးခြင်း

### ၁(က) ပြည်သူ့ဝန်ထမ်းများ

ပြည်သူ့ဝန်ထမ်းများဟု ဆိုရာတွင် ၂၀၂၁ ခုနှစ်တွင် စစ်အာဏာသိမ်းမှုအား ရှေ့တန်းမှ ရဲရဲဝံ့ဝံ့ပါဝင်သည့် "အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု – CDM: Civil Disobedience Movement" တွင် ပါဝင်သော ကွန်ပျူတာတက္ကသိုလ်(မုံရွာ)ရှိ ဝန်ထမ်းများ အားလုံးကို ဆိုလိုသည်။

### ၁(ခ) ကျောင်းသား/ကျောင်းသူများ

ကျောင်းသား/သူများဟု ဆိုရာတွင် စစ်ကောင်စီမှ ဖွင့်လှစ်သည့် စစ်ကျွန်ပညာရေးအား မတက်ရောက်ပဲ သပိတ်မှောက်ဆန့်ကျင်ခဲ့ကြသော တော်လှန်ရေးကာလတွင်း ကျောင်းသား/သူများကို ဆိုလိုသည်။

### ၁(ဂ) အပြည့်အဝ အကာအကွယ်ပေးခြင်း

ပြည်သူ့ဝန်ထမ်းများနှင့် ကျောင်းသား/ကျောင်းသူများသည် လူ့ဂုဏ်သိက္ခာအရသော်လည်းကောင်း၊ လူ့အခွင့်အရေးဆိုင်ရာ အခြေခံရပိုင်ခွင့်များအရသော်လည်းကောင်း ထိပါးခံရခြင်း မရှိစေရန် အာမခံသည်။

### ၁(ဃ) ပြည်သူ့ဝန်ထမ်းများနှင့် ကျောင်းသား/သူများအတွက် ခံစားခွင့်ဆိုင်ရာ မူဝါဒများ

### ၁(ဃ) – ၁

ပြည်သူ့ဝန်ထမ်းများ (CDM သူရဲကောင်းများ) အားလုံးအား တက္ကသိုလ်၏ မော်ကွန်းတိုက်တွင် သူရဲကောင်းများအဖြစ်၊ မော်ကွန်းဝင်ပုဂ္ဂိုလ်များအဖြစ် ပြန်တမ်းများ ထုတ်ပြန်ကာ ဂုဏ်ပြုထားရှိမည်။ မော်ကွန်းဝင်အဆောင်အယောင်များအား ပြည်သူ့အစိုးရ အပြည့်အဝအာဏာပြန်လည်ရရှိချိန်တွင် သီးသန့်အခမ်းအနားဖြင့် ပေးအပ်ချီးမြှင့်မည်။ ၎င်းပြည်သူ့ဝန်ထမ်းများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှု (ကိုယ်တိုင်နှင့် ၎င်း၏ မိသားစု)အား အခမဲ့ ဖြစ်စေရမည်။ ကြားကာလ တော်လှန်ရေးကာလအတွင်း ရာထူးတိုးရန် ရှိခဲ့သည့် ဝန်ထမ်းများအတွက် Back Date ဖြင့် ပြန်လည်ထုတ်ပြန်ကာ ရာထူးတိုးမြှင့်ခန့်ထားမည်။

ကျောင်းသား/သူများအားလည်း တက္ကသိုလ်မော်ကွန်းတိုက်နှင့် ပြတိုက်တွင် စစ်ကျွန်ပညာရေးအား ဆန့်ကျင်တော်လှန်ခဲ့ကြသည့်အတွက် ဓါတ်ပုံမှတ်တမ်းများ၊ ကျောင်းသား/သူ စာရင်းများအား သီးသန့်ဖော်ပြမှတ်တမ်းတင်ထားရှိမည်။

**၁(ဃ) – ၂**

စစ်ကောင်စီ၏ ထုတ်ပယ်ခြင်း၊ ရပ်ဆိုင်းခြင်းစာများဖြင့် မတရားသဖြင့် အရေးယူခြင်းခံခဲ့ရသည့် ပြည်သူ့ဝန်ထမ်းများအတွက် မူလရာထူးတာဝန်နှင့် ခံစားခွင့်များ ပြန်လည်ရရှိရေး အာမခံသည်။ ၎င်းအပြင် တက္ကသိုလ်ပဋိညာဉ် ပြဋ္ဌာန်းချက်များနှင့် လုပ်ထုံးလုပ်နည်းများအရ CDM ပြည်သူ့ဝန်ထမ်းများအတွက် သီးသန့်ခံစားခွင့်များ ရရှိစေမည်။ ထို့နောက် ၁(ဃ) – ၁ အတိုင်း ဆက်လက်ခံစားခွင့်ရှိသည်။

**၁(ဃ) – ၃**

စစ်ကောင်စီ၏ မတရားပုဒ်မ တပ်ခံရသူများ၊ မတရားဖမ်းဆီးခံရသူများအား လူ့ဂုဏ်သိက္ခာနှင့်အညီ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နိုင်ရေး၊ တက္ကသိုလ်အဝန်းအဝိုင်းသို့ ဂုဏ်သိက္ခာရှိစွာ ပြန်လည်ဝင်ရောက်နိုင်ရေး အာမခံသည်။ ၎င်းနစ်နာရသူများအနေဖြင့် ၎င်းတို့အား မတရားဖမ်းဆီးခဲ့သည့် သို့မဟုတ် မတရားဖမ်းဆီးခြင်းအား ဖြစ်ပေါ်စေခဲ့သည့် လူပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ အဖွဲ့အစည်းကိုသော်လည်းကောင်း လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေမှုဖြင့် ပြန်လည်တရားစွဲဆိုနိုင်ခြင်းကိစ္စရပ်များအတွက် တက္ကသိုလ်မှ ကူညီဆောင်ရွက်ပေးမည်။ ၎င်းအပြင် ၁(ဃ) – ၁ အတိုင်း ဆက်လက်ခံစားခွင့်ရှိသည်။

**၁(ဃ) – ၄**

ပြည်သူ့ဝန်ထမ်းများနှင့် ကျောင်းသား/သူများမှ အသက်သေဆုံးသည်အထိ နစ်နာခဲ့ရသူများအား အမြင့်ဆုံး ဂုဏ်ပြုမှုဖြင့် ပြုလုပ်သော ဂုဏ်ပြုပွဲဖြင့် ဂုဏ်ပြုဂါရဝပြုခြင်းသာမက ကျန်ရစ်သူ မိသားစု၏ အခြေခံပညာရေး၊ ကျန်းမာရေးတို့အား တစ်သက်တာ အခမဲ့ ရရှိစေရေး ဂုဏ်ပြုချီးမြှင့်ဆောင်ရွက်မည်။ ဂုဏ်ပြုပင်စင်လစာအား ကျန်ရစ်သူမိသားစုထံ ဆက်လက်ချီးမြှင့်နိုင်စေရေး ဆောင်ရွက်မည်။ ထို့နောက် ၁(ဃ) – ၁ အတိုင်း ဆက်လက်ဆောင်ရွက်မည်။

**၁(ဃ) – ၅**

စစ်အာဏာရှင်လက်အောက်တွင် ဆက်လက်လုပ်ကိုင်လိုခြင်းမရှိသဖြင့် CDM ပြုလုပ်ကာ ရာထူးမှ နှုတ်ထွက်သွားသူများ၊ CDM ပြုလုပ်ချိန်တွင် သက်ပြည့်ပင်စင်ယူသွားသူများအတွက် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ခြင်း အထူးခံစားခွင့်၊ အထူးပင်စင်ခံစားခွင့်များ နှင့် ဌာနကင်းကွာကာလများအတွက် လစာပြည့်ခံစားခွင့်များ ရရှိစေရန် ဆောင်ရွက်မည်။ ထို့နောက် ၁(ဃ) – ၁ အတိုင်း ဆက်လက်ဆောင်ရွက်မည်။

**၁(ဃ) – ၆**

၂၀၂၁ ခုနှစ်၊ ဧပြီလ နောက်ပိုင်းတွင် Non-CDM မှ CDM အဖြစ်ပြောင်းလာသည့် ဝန်ထမ်းများအတွက် တက္ကသိုလ်ကောင်စီမှ စီစစ် အတည်ပြုမှုပြီးစီး၍ မှန်ကန်ပါက ၁(ဃ) – ၁ အတိုင်း ဆောင်ရွက်နိုင်သည်။

## ၂။ အချက်အလက်စီစစ်အတည်ပြုခြင်းဆိုင်ရာများ

## ၂(က) CDM ဝန်ထမ်း၊ ဆရာ/မများ၊ ကျောင်းသား/သူများ အဖြစ် အသိအမှတ်ပြုခြင်းနှင့် အတည်ပြုခြင်း

၎င်းအတွက် CDM ဝန်ထမ်း၊ ဆရာ/မများဖြစ်ကြောင်းအား အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ထားသည့် ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ယာယီတက္ကသိုလ်ကောင်စီထံတွင် စာရင်းပေးသွင်းထားခြင်း ရှိရမည်။ အတည်ပြုခြင်းမှာ သက်ဆိုင်ရာ ဝန်ထမ်း၏ အကြောင်းကြား ချိတ်ဆက်မှုရှိခြင်း/မရှိခြင်း နှင့်စပ်လျဉ်းကာ တက္ကသိုလ်ကောင်စီအပေါ်တွင် တာဝန်ရှိသည်။ ၂၀၂၁ ခုနှစ် ဧပြီလ နောက်ပိုင်း Non-CDM မှ CDM ဖြစ်လာပါက အဆိုပါဝန်ထမ်းသည် ၎င်း၏ လက်ရေးမူဖြင့် ရေးသားထားသည့် CDM ပြုလုပ်ခြင်း မှန်ကန်ကြောင်းရေးသားချက်အား ၎င်းကိုယ်တိုင်၏လက်မှတ် ရေးထိုးကာ email ဖြင့် တက္ကသိုလ်ကောင်စီသို့ ပေးပို့ထားရမည်။ ၎င်းစာနှင့်အတူ စစ်ကောင်စီ၏ ထုတ်ပယ်စာ နှင့် ရပ်ဆိုင်းစာကဲ့သို့ အတည်ပြုနိုင်သော သက်သေခံတစ်ခု ပါဝင်ရမည်။ သို့မှသာ CDM အဖြစ်အတည်ပြုရေး ဆက်လက်စဉ်းစားမည်။ အဆုံးသတ်ဆုံးဖြတ်ချက်အား တက္ကသိုလ်ကောင်စီမှ အတည်ပြုဆုံးဖြတ်နိုင်သည်။

CDM ကျောင်းသား/ကျောင်းသူအဖြစ် အသိအမှတ်ပြုခြင်း၊ အတည်ပြုခြင်းအတွက် ကွန်ပျူတာတက္ကသိုလ်(မုံရွာ) တက္ကသိုလ်ကျောင်းသားများသမဂ္ဂ နှင့် ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ယာယီတက္ကသိုလ်ကောင်စီ တို့ထံတွင် ပေးပို့ဆက်သွယ်စာရင်းပေးသွင်းထားခြင်း ရှိရမည်။ ကျောင်းသား/သူ အတည်ပြုစာရင်းအား တက္ကသိုလ်ကောင်စီနှင့် တက္ကသိုလ်ကျောင်းသားများသမဂ္ဂ အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်မည်။ အဆုံးသတ် အတည်ပြုခြင်းမှာ ကွန်ပျူတာတက္ကသိုလ်(မုံရွာ) တက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ အတည်ပြုဆုံးဖြတ်နိုင်သည်။

## ၃။ စစ်အာဏာသိမ်းအုပ်စု လက်အောက်ခံဝန်ထမ်းများသို့အကျိုးသက်ရောက်မည့် ပြစ်မှုပြစ်ဒဏ်များ နှင့် ခံစားခွင့်များ

အကြမ်းဖက်စစ်အုပ်စုလက်အောက်ခံ ဝန်ထမ်းများသည် နိုင်ငံတော်အား သစ္စာဖောက်သူများအဖြစ် တရားမျှတမှုရှိသော ဖက်ဒရယ်တရားဥပဒေနှင့်အညီ ပြည်နယ်အဆင့်မှ ဖက်ဒရယ်အဆင့်အထိ အဆင့်ဆင့် တရားရင်ဆိုင်စေရမည်။ တက္ကသိုလ်ကောင်စီသည်လည်း ပြဋ္ဌာန်းထားသည့် တက္ကသိုလ်ပဋိညာဉ်နှင့်အညီ လွတ်လပ်စွာ စီရင်ခွင့်ရှိသည်။

### ၃(က) – ပြစ်ဒဏ်နှင့် ခံစားခွင့်များ

### ၃(က) – ၁

အောက်ဖော်ပြပါ ဝန်ထမ်းများသည် ရာထူးမှ အပြီးသတ် ထုတ်ပယ်ခြင်းခံရမည်။ နိုင်ငံအဆင့် အမည်ပျက်စာရင်းသွင်းခြင်း ခံရမည်။ နိုင်ငံအာဏာသိမ်းမှုဖြစ်စဉ်အား အထမြောက်စေရန် အားပေးအားမြှောက်ပြုမှုဖြင့် တရားစွဲဆိုခံရမည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ(၁) ရက် နောက်ပိုင်းမှ စ၍ ရရှိထားသည့် ခံစားခွင့်များအား(ကာလတန်ဖိုးနှင့်အညီ) ပြန်လည်ပေးလျော်စေရမည်။ တက္ကသိုလ်မော်ကွန်းတိုက်တွင် အမည်ပျက်စာရင်းသွင်းကာ မှတ်တမ်းတင် ထားရှိမည်။ ထို့နောက်

ထုတ်ပယ်ခံရသည့် ဝန်ကြီးဌာနမှ အခြားအစိုးရဝန်ကြီးဌာနများသို့ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍများ၌ဖြစ်စေ ထပ်မံလုပ်ငန်းခွင်ဝင်ရောက်ခွင့်ကို ပိတ်ပင်တားမြစ်သည်။

ငင်းပြစ်ဒဏ်အား အကျိုးခံစားခွင့်ရမည့်သူများ

၁။ အတွင်းဝန် – ညွှန်ချုပ် – ဒုညွှန်ချုပ်
၂။ ညွှန်မှူး – ဒုညွှန်မှူး – လ/ထညွှန်မှူး
၃။ အရာထမ်း (ဦးစီးအရာရှိ အဆင့်)
၄။ အမှုထမ်း (ဦးစီးအရာရှိ အောက်ဆင့်အားလုံး)
၅။ CDM မှ Non CDM အဖြစ်ပြောင်းသူ (အမှုထမ်း၊ အရာထမ်း အားလုံး)
၆။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်းပြောင်းရွှေ့လာသည့် ဝန်ထမ်းများ (ရာထူးတိုးဖြင့် ဖြစ်စေ၊ အပြောင်းအရွှေ့ဖြင့်ဖြစ်စေ၊ နေရင်းအတိုင်း ရာထူးတိုး ရယူခြင်းဖြစ်စေ အားလုံး)
၇။ စစ်တပ်ဖက်မှ ပြောင်းလာသည့် ဝန်ထမ်းများအားလုံး
၈။ စစ်ကောင်စီလက်ထက်တွင်မှ အသစ်ခေါ်ယူခန့်ထားသူများ အားလုံး
၉။ အလုပ်မှ နှုတ်ထွက်သွားသူများ(Non-CDM)
၁၀။ သက်ပြည့်(သို့) ပင်စင်ယူသွားသူများ (Non-CDM)

## ၃(က) – ၂

အထက်ပါ ၃(က) – ၁ တွင် ပါရှိသည့် အမှတ်စဉ်(၁) မှ အမှတ်စဉ်(၂) အထိ နှင့် အမှတ်စဉ်(၇) မှ အမှတ်စဉ်(၈) အထိသည် အယူခံဝင်ခွင့် မရှိစေရ။

## ၃(က) – ၃

အထက်ပါ ၃(က) – ၁ တွင် ပါရှိသည့် အမှတ်စဉ်(၃) မှ အမှတ်စဉ်(၆) အထိသည် အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန တို့မှ ထုတ်ပြန်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ တက္ကသိုလ်ပဋိညာဉ် မှ ပြဋ္ဌာန်းသော လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် အယူခံဝင်ခွင့်ရှိသည်။

ထိုအယူခံဝင်ခြင်းတွင် ပထမအဆင့်အား တက္ကသိုလ်ကောင်စီမှ ထောက်ခံမှုဖြင့်သာ ပြုလုပ်ခွင့်ရှိသည်။ ရာထူးတိုး (အနည်းဆုံး ၅ နှစ်မှစ၍ ရာသက်ပန်အထိ) ရပ်နားခြင်း ခံရမည်။ အဆိုပါဝန်ထမ်းသည် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ခွင့် အယူခံဝင်ခြင်း အောင်မြင်ပါက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့ မတိုင်မီက ရရှိထားသည့် ရာထူးနှင့် ခံစားခွင့်များအား(အားလုံး) ရုပ်သိမ်းခြင်းခံရမည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့ မတိုင်မီမှ ငင်းတို့ရရှိထားသည့် ရာထူး၏ အနည်းဆုံး (၂)ဆင့် လျှော့ချခံရမည်။ လျှော့ချခံရမည့် ရာထူးအဆင့်သည် အဆိုပါ ဝန်ထမ်းအတွက် လျှော့ချစရာအဆင့် ထပ်မံမရှိတော့ပါက (လျှော့ချမည့် ၂ ဆင့် အတွင်း) ငင်းဝန်ထမ်းအတွက် ရာထူးတိုးသည် အနည်းဆုံးသတ်မှတ်ပြစ်ဒဏ်(၅)နှစ် ရပ်ဆိုင်းခြင်းအား (၂) နှစ် တိုးကာ အနည်းဆုံး (၇)နှစ်မှ စ၍ ခံယူစေရမည်။ တက္ကသိုလ်ပဋိညာဉ်အရ ပြဋ္ဌာန်းသည့် အခြေခံလစာနှင့် အခြေခံ ခံစားခွင့်သာ ရရှိမည်။

ယခုမူဝါဒ အတည်ပြုပြီး (၆)လ အတွင်း အယူခံဝင်ခွင့်ရှိသည်။ တက္ကသိုလ်ကောင်စီမှ အယူခံဝင်ခြင်း ပထမအဆင့်အတွက် မှတ်တမ်းတင်ခြင်းအား ပြုလုပ်မည်။ ဆက်လက်ကြားနာစစ်ဆေးမှုအား ပြည်သူ့အစိုးရ အပြည့်အဝ အာဏာပြန်လည်ရရှိချိန်တွင် ဆက်လက်ပြုလုပ်မည်။ အယူခံလွှာတင်သွင်းသူသည် ပြန်လည်ကြားနာစစ်ဆေးခြင်း မတိုင်မီအထိ တစ်လလျှင်တစ်ကြိမ် တက္ကသိုလ်ကောင်စီ စီမံအုပ်ချုပ်ရေးအဖွဲ့သို့ မပျက်မကွက် (မပျက်မကွက်) မိမိ CDM အဖြစ်ရပ်တည်လျက်ရှိကြောင်းအား စာအားဖြင့် Email မှတဆင့် ရေးသားပေးပို့အစီရင်ခံခြင်းကို ပြုလုပ်ရမည်။ ပျက်ကွက်ပါက အယူခံဝင်ခွင့်ပျက်ပြယ်သည်။ အယူခံဝင်ခြင်းပထမအဆင့်အတွက် မှတ်တမ်းတင်ခြင်းကာလမှ ပြန်လည်ကြားနာစစ်ဆေးသည့်အချိန် ပြီးစီးကာ အယူခံဝင်ခြင်းအောင်မြင်သည့်အချိန်ထိ အဆိုပါ ဝန်ထမ်း ရယူထားသော ခံစားခွင့်များသည် ပြန်လည်ပေးလျော်ရမည့် ခံစားခွင့်များအဖြစ် ဆက်လက်ထည့်သွင်းသည်။

## ၃(က) – ၄

၃(က) – ၁ တွင် ပါရှိသည့် အမှတ်စဥ်(၁) မှ အမှတ်စဥ်(၅) အထိ နှင့် အမှတ်စဥ်(၉) မှ အမှတ်စဥ်(၁၀) အထိ ပါဝင်ဖော်ပြခံရသည့် ဝန်ထမ်းများ၏ ပင်စင်နှင့် ဆက်စပ်အကျိုးစားခွင့်များကို အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာနနှင့် စီမံကိန်းဝန်ကြီးဌာနတို့မှ ထုတ်ပြန်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီရင်ဆောင်ရွက်မည်။

၃(က) – ၁ တွင် ပါရှိသည့် အမှတ်စဥ်(၆) အတွက်မူ ဖေဖော်ဝါရီလ(၁)ရက်နေ့ မတိုင်ခင် ၎င်းရှိနေခဲ့သည့်၊ တာဝန်ထမ်းဆောင်ခဲ့သည့် တက္ကသိုလ်၊ ကျောင်းတို့၏ ကောင်စီများမှ ဆုံးဖြတ်ချက်အတိုင်းဖြစ်စေမည်။ ကွန်ပျူတာတက္ကသိုလ်(မုံရွာ) မှ ဖေဖော်ဝါရီလ(၁)ရက်နေ့နောက်ပိုင်း ရာထူးတိုး/ပြောင်းဖြင့် ဝင်ရောက်လာသည့်သူများ နှင့် ၃(က) – ၁ တွင်ပါရှိသည့် အမှတ်စဥ်(၈) တွင်ဖော်ပြခံရသည့်သူများအား တရားဝင်ဝန်ထမ်းများအဖြစ် အသိအမှတ်ပြုလက်ခံမည်မဟုတ်ပါ။

ဖေဖော်ဝါရီလ(၁)ရက်နေ့ နောက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(မုံရွာ) မှ မပြောင်းရွှေ့ပဲ စစ်ကောင်စီ၏ ရာထူးတိုး လက်ခံထားသည့် ဝန်ထမ်းများကိုမူ ၃(က) – ၁ နှင့် ၃(က) – ၃ အတိုင်း ဆက်လက်ဆောင်ရွက်မည်။ ၎င်းဝန်ထမ်းများ၏ ပင်စင်နှင့် ဆက်စပ်အကျိုးခံစားခွင့်များကို အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာနနှင့် စီမံကိန်းဝန်ကြီးဌာနတို့မှ ထုတ်ပြန်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီရင်ဆောင်ရွက်မည်။

## ၃(က) – ၅

စစ်ကောင်စီ၏ လက်အောက်ခံ ပြည်သူနှင့်အတူမရပ်တည်သည့်ဝန်ထမ်းများမှ ဖွင့်လှစ်သော တက္ကသိုလ်သင်တန်းများ၊ ဘွဲ့သင်တန်းများ၊ စာသင်နှစ်များအား တက်ရောက်ခြင်းနှင့် စစ်ကျွန်ပညာရေးအား ဆက်လက်အသက်သွင်းရန် ကြိုးစားကြသော ကျောင်းသား/သူများ၏ စစ်ကောင်စီမှပေးသည့် မည်သည့်သင်တန်းလက်မှတ်၊ ဘွဲ့၊ ဒီဂရီမဆို တရားဝင်ခြင်းရှိမည်မဟုတ်။ တက္ကသိုလ်မော်ကွန်းတိုက်တွင် အမည်ပျက်စာရင်းသွင်းကာ မှတ်တမ်းတင် ထားရှိမည်။ ၎င်းကျောင်းသား/သူများ၏ လုပ်ငန်းခွင်ဝင်ရောက်ရေးဆိုင်ရာကိစ္စရပ်များတွင် တက္ကသိုလ်မှ ဆောင်ရွက်ပေးမည်မဟုတ်ပါ။

## နိဂုံး

ပြည်သူနှင့်အတူရပ်တည်သည့် ပြည်သူ့ဝန်ထမ်းများနှင့် စစ်ကျွန်ပညာရေးအား သပိတ်မှောက် တော်လှန်ခဲ့ကြသည့် ကျောင်းသား/သူများအား အကာအကွယ်ပေးခြင်း နှင့် ပြည်သူနှင့်အတူ မရပ်တည်ပဲ စစ်အာဏာသိမ်းအုပ်စု လက်အောက်ခံများအတွက် တရားစီရင်ရေးဆိုင်ရာ ဤမူဝါဒ(မူကြမ်း) သည် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့မှ စတင်ပြုလုပ်ခဲ့သော တက္ကသိုလ်တွင်း ဆွေးနွေးညှိနှိုင်းမှုများ၊ တက္ကသိုလ်ကောင်စီ၏ မူဝါဒဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ၊ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၅ ရက်မှ စတင်ကာ ပြုလုပ်ခဲ့သော ဆွေးနွေးညှိနှိုင်းမှုများ၊ ကွန်ပျူတာတက္ကသိုလ်(မုံရွာ) မှ ပြည်သူ့ဝန်ထမ်းများ၊ ဆရာ/မများ၊ ကျောင်းသား/သူများ၊ ကျောင်းသားများသမဂ္ဂတို့နှင့် စည်းဝေးမှုများမှ ရရှိသော အကြံပြုချက်များ၊ တောင်းဆိုချက်များ၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ လူ့အခွင့်အရေးဆိုင်ရာ မူဘောင်များ၊ ဥပဒေဆိုင်ရာ အကြံပြုမှုများအား အခြေခံ၍ ရေးသားထားပါသည်။

ဤမူဝါဒ(မူကြမ်း)အား စည်းဝေးမှုများတွင် ပါဝင်တက်ရောက်ခဲ့ကြသူများအားလုံးနှင့် တက္ကသိုလ်နှင့် စပ်ဆိုင်သူများ၊ စိတ်ပါဝင်စားသူများအားလုံးသို့ ပေးပို့ပါမည်။ ဤမူဝါဒမူကြမ်းအပေါ် အကြံပြုချက်များကို ထပ်မံရယူကာ ပြင်ဆင်ဖြည့်စွက်သွားပါမည်။ တက္ကသိုလ်ရှိ ကိုယ်စားပြုအစုအဖွဲ့များအားလုံး၏ အတည်ပြုချက်ရယူကာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

တော်လှန်ရေးကာလနှင့် အသွင်ကူးပြောင်းကာလတွင် တက္ကသိုလ်၏ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် ဤမူဝါဒအား လမ်းညွှန်အဖြစ်အသုံးပြုပါမည်။ တော်လှန်ရေးကာလနှင့် အသွင်ကူးပြောင်းကာလအတွင်း တက္ကသိုလ်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် စစ်အာဏာရှင်စနစ်ကိုဆန့်ကျင်ပြီး ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ် အား ယုံကြည်သူ ဆရာ/မများအားလုံး၊ ဝန်ထမ်းများအားလုံး၊ ကျောင်းသား/သူများအားလုံး၊ အစုအဖွဲ့များအားလုံးနှင့် လက်တွဲဆောင်ရွက်သွားပါမည်။

ဖက်ဒရယ်ဒီမိုကရေစီပညာရေးပြုပြင်ပြောင်းလဲမှုများကို စီမံကိန်းများချမှတ်ကာ တဆင့်ပြီးတဆင့် ဆောင်ရွက်မည်ဖြစ်ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုတွင် ပါဝင်သူ ဆရာ/မများအားလုံး၊ ဝန်ထမ်းများအားလုံး၊ ကျောင်းသား/သူများအားလုံး ထိခိုက်နစ်နာမှု မရှိအောင် ဆောင်ရွက်ပါမည်။

## ဆက်သွယ်ရန်

ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ယာယီတက္ကသိုလ်ကောင်စီ
interimcouncil.ucsmonywa.contact@gmail.com